## အခန်း (၁)
## တမန်တော်များ၏ ရိုးရာ လေ့ထုံးစံများ ကုန်လွန်သွားပြီလော။
### *APOSTOLIC TRANDITION - OBSOLETE?*

အီဂျစ်ပြည် အလက်ဇန်းယားမှာရှိသည့် ပထမရာစုနှစ် ယုံကြည်သူများထံမှ ယေရုရှ လင်မြို့မှာ တည်ရှိနေသော တမန်တော်ဆယ့်နှစ်ပါးဆီသို့ အသစ်သောလှုပ်ရှားမှုပုံစံ စာတစ်စောင်ပေးပို့ခဲ့သည်။ ဤပထမရာစုနှစ် အသင်းတော်သည် ယေရုရှလင်မြို့သို့ ခရီးသွားနေ ချိန် သတင်းကောင်းကြားသိခဲ့သော ယုလူမျိုးယုံကြည်သူတချို့လည်းပါဝင်နေသည်။ အီဂျစ်ပြည်ကို ပြန်လည်စဉ်းစားသည့်အခါ သူတို့က ပဋိညာဉ်သစ်ဖြစ်သော ခရစ်တော်၏ ကိုယ်ခန္ဓာ အစိတ်ပိုင်းဖြစ်သည့် ယုံကြည်သူအဖွဲ့အစည်းဟာ တစ်လုံးတစ်ဝတည်းဖြစ် ကြောင်း နားမလည်ကြချေ။ သို့ဖြစ်၍ ဤစာစောင်ထဲတွင် အသင်းတော်နှင့် ပတ်သတ်သော မေးခွန်းများ ပါရှိပါသည်။

ချစ်လှစွာသော တမန်တော်များ

- ယေရှု၏ လူစုများအဖြစ် ဘာဖြစ်လို့တွေ့ဆုံခဲ့ကြသလဲ၊
- အသင်းတော်မှာ ဝတ်ပြုအစည်းအဝေးများ ဘယ်လိုနည်း ကျင့်သုံး ရမလဲ၊
- ဘယ်လောက်ကြာမှ ဘယ်လိုဆုံစည်းရမလဲ၊
- ယေရုရှလင်မှာကဲ့သို့ ဘုရားကျောင်းတည်ဆောက်ရမလား၊ သို့မဟုတ် အနည်းဆုံး သေးငယ်သော အဆောက်အဦးများ၊
- အသင်းတော်၏ ဖွဲ့စည်းပုံ ဘယ်လိုပုံစံမျိုး ရှိသင့်သလဲ၊
- အသင်းတော်မှာခေါင်းဆောင်များကိုသာဦးစားပေးရမည်လော၊
- အသင်းတော်မှာ ခေါင်းဆောင်များ လိုအပ်ပါသေးသလော၊
- ပွဲတော်မင်္ဂလာ ဘယ်လောက်ခြားပြီး သုံးဆောင်သင့်သလဲ၊
- ပွဲတော်မင်္ဂလာ ပါဝင်သည့်အခါ တကယ့်အစားအသောက်အား ဖြင့်လား၊ သို့မဟုတ် ဘာသာရေး ထုံးတမ်းစဉ်လာ၏ ပုံဆောင်ခြင်း အတွက်လား၊

ဤအထက်ပါ မေးခွန်းများကို တမန်တော်တို့က ဘယ်လို ဖြေ ကြားကြမည့်လို့ ယူဆပါသနည်း။ အသင်းတော်တိုင်း သူတို့စိတ်ကြိုက် လုပ်ဆောင်ရန်ခွင့်ပြုမည်လော။ ထိုအသင်းတော်တိုင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြသည့်အတိုင်း ဆုတောင်း၍ အသက်ရှင်လိမ့်မည်လော။ အသင်းသူအသင်းသားများ တမန်တော်များ၏ အာဏာလွှမ်းမိုး ခြင်းမှ လွတ်မြောက်၍ တလုံးတဝတည်း နေမည်လော သို့မဟုတ် သီးခြားစွာ နေရမည် လော။ ပြောင်းပြန်၍ အသင်းတော်၌ အသက်ရှင်နိုင်ရန် သွန်သင် သောနည်းလမ်းအတိုင်း တသွေမတိမ်း လိုက်လျှောက်လိမ့်မည်လော။ စိတ်သဘောထားညီညွတ်ပြီး ခြေလှမ်း လှမ်းမည်လော။ တိကျသော အစီအစဉ်ရေးဆွဲ၍ အသက်ရှင်မည်လော။ မမှားယွင်းနိုင်သော လမ်းညွှန်အတိုင်း အသက်ရှင်မည်လော။

ထိုကဲ့သို့သော မေးခွန်းများကို လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်တုန်းက ယုံကြည်သူများ ရင်ဆိုင်ခဲ့ကြသည်။ မွေသစ်ခေတ်က ကျင့်သုံးခဲ့သော အသင်းတော် တည်ဆောက်မှု များကို ယနေ့ယုံကြည်သူများက မည်ကဲ့သို့ ထင်မြင်ခဲ့ပါသနည်း။ ဤခေတ်ကြီး ကုန်လွန် သွားပြီးလို့ ယူဆပါသလော။ ကနဦးအသင်းတော်၏ ကျင့်စဉ်များကို နှစ်စသက်ရာ ရွေးချယ်ပြီး ကျင့်သုံးမည်လော။ တမန်တော်များ၏ ကျင့်စဉ်များသည် သမိုင်းဖြစ်ပျက်မှုကို သာဖြစ်မည်လော။

မွေသစ်ကျမ်းထဲတွင် အသင်းတော်နှင့်ပတ်သက်သော ကျင့်စဉ်များကို ဂဃနဏ ဖော်ပြထားခြင်းမရှိသောကြောင့် ယနေ့အသင်းတော်များ၌ ပြဿနာမျိုးစုံနှင့် ရင်ဆိုင်နေရ သည်။ မွေသစ်ခေတ်၌ ကျင့်သုံးခဲ့သော အသင်းတော်တည်ဆောက်မှုများ ကြိုက်သလို သုံးစွဲမိခဲ့သောကြောင့် ယုံကြည်သူများ အားနည်းစေသည်။ "သမ္မာကျမ်းစာကို ထိုက်တန်စွာ ဘယ်လို လေ့လာဖတ်ရှုရမလဲ" ဆိုသည့် စာအုပ်ထဲတွင် Fee နှင့် staurt တို့က ဤကဲ့သို့ မိန့်ဆိုကြသည်။ "သမ္မာကျမ်းစာက အတိအကျမဖော်ပြသောအရာများကို အရေးကြီးသော လုပ်ငန်း တာဝန်ဟူ၍ လုပ်ဆောင်ခြင်းသည် မိမိထင်မြင်ယူဆချက်၊ သူတစ်ပါးမှ အကြံခိုးခြင်းပင်ဖြစ်သည်။ "ဥပမာအားဖြင့် တရားသူကြီး ၁၁း၂၉ ထဲတွင် ဖော်ပြထားသော ယေဖသ၏ အကြောင်းမလှသော ဂတိတော်ကဲ့သို့ မည်သူကမှ တွေးတော်နိုင်လိမ့်မည် မဟုတ်ပေ။ မေးနိုင်သော မေးခွန်းတစ်ခုကတော့ မွေသစ်ကျမ်းထဲတွင် အသင်းတော်လှုပ်ရှား မှု နည်းလမ်းကို အတုယူနိုင်ရန် ကျမ်းစာထဲ၌ ဖော်ပြထားခြင်းရှိသလော သို့မဟုတ် မရှိသလော ဟူ၍ဖြစ်သည်။

မွေသစ်ကျမ်းစာ၏ ခံယူချက်များ လက်ခံကျင့်သုံးမည်လျှင် အသင်းတော်၏ ပုံသဏ္ဌာန်ဟာ စည်းမျဉ်းစည်းကမ်းအောက်မှာ မနေရတော့ပါ။ ကျွန်ုပ်တို့ဘယ်အရာက ဦး ဆောင်ရမလဲ။

၁။ ကြီးမားလေးလံသော အဆောက်အဦး ဗိမ်ခံစရာပြည့်စုံသော ဘုရားကျောင်းကြီး များတည်ဆောက်ရမည်လော။

၂။ အင်္ဂါနေ့အစား ရက်သတ္တပတ်၏ ပထမရက်ဖြစ်သော ရှင်ပြန်ထမြောက်သော နေ့ရက်မှာ စုစည်းနိုင်ကြမည်လော။

၃။ အပတ်တိုင်း စုစည်းစုရုံးတာထက် လစဉ်စုရုံးနိုင်မည်လော။

၄။ အသင်းတော်ထဲမှာ ခေါင်းဆောင်များ မထားရှိအောင် ဆုံးဖြတ်ရမည်လော။ (သင်းအုပ်၊ သင်းထောက်၊ ခေါင်းဆောင်များ) သမ္မာကျမ်းစာထဲမှာ မရှိသည့်အတွက်ကြောင့် မထားရှိသင့်တော့ဘူးလား။

၅။ အသင်းတော်၏စည်းမျဉ်းစည်းကမ်း ဥပဒေသများ အတိအကျမရှိပါ။ သမ္မာကျမ်း စာက ဖော်ပြထားခြင်းမရှိပါလို့ ဆိုရမည်လော။ တရားသူကြီးသူ ၂၁း၂၅ ကျမ်းပိုဒ်ပြည့်စုံ ခြင်းအတွက် လူတိုင်း မိမိစိတ် အလိုရှိသည့် အတိုင်း ဆုံးဖြတ်ရမည်လော။

၆။ ပွဲတော်မင်္ဂလာကို ဆယ်နှစ်ကြာမှ ပြုလုပ်ရမည်လော။ (အနှစ်သာရ မပျော့သွား အောင်)

၇။ မွေသစ်ကျမ်းစာက အထူးတကြီးတားမြစ်ထားခြင်း မရှိသောကြောင့် သေလွန် သော သူတို့၏ကိုယ်စား ဗတ္တိဇံကို ခံသောသူတို့သည် အဘယ်သို့ရမည်နည်း(၁ကော ၁၅း ၂၉)။

၈။ ယုံကြည်သူအသစ်များ ဖွဲ့စည်းပုံမှာ သမ္မာကျမ်းစာလေ့လာခြင်းအားဖြင့် မဟာမိတ်ဖွဲ့ခြင်းလျော့မသွားအောင်၊ မွေသစ်ကျမ်းစာ၏ သွန်သင်ချက်အတိုင်း အသင်း တော်ဟာ အဆင့်အတန်း တာဝန်အရ ဖွဲ့စည်းခြင်း မဖြစ်အောင် လိုအပ်ပါသည်။

ဤကဲ့သို့သော စိတ်ကူးအသင်းတော်မျိုးသည် သိသာထင်ရှားစွာ သဘာဝမကျနိုင် ပါ။ ယခုတိုင်အောင် အငြင်းအခုံလုပ်၍ ဂတိသစ္စာပျောက်လောက်သော မှန်ကန်သည့် အမိန့် ပေးခြင်း၊ သမ္မာကျမ်းစာမှာ မရှိသေးပါ။ မွေသစ်ခေတ်အသင်းတော်၏ ရိုးရာလေ့ထုံးစံ ဖွဲ့စည်းပုံ အခြေခံဥပဒေသများကို အနည်းအကျဉ်း လျော့သွားမှုဟာတည်မြဲ သစ္စာရှိမှု မပြည့် စုံမှုပင်

ဖြစ်သည်။ အသင်းတော် အတော်များများသည် မွာသစ်ခေတ်အသင်းတော်၏ နည်းဗျူဟာ ပုံစံများ လိုက်လျှောက်ကြပါသည်။ ဘာဖြစ်လို့ နည်းဗျူဟာ ပုံစံ ဥပဒေသများ မလိုက်လျှောက်ကြရမှာလဲ။

ညီညွတ်ခြင်း တသမတ်တည်းရှိခြင်း အကြောင်းကို ဤစာအုပ်က လက်မခံပါ။ တမန်တော်များသည် တိကျမှန်ကန်သော အသင်းတော်၏တစ်ဦးတည်းသာ ဦးစားပေးသော ဥပဒေသများကို ဖွဲ့စည်းမှုများတွင် ကျွန်တော်တို့က အကြံပေးအပ်ပါသည်။ တမန်တော်များ၏ ရိုးရာလေ့ထုံးစံများ ကျွန်ုပ်တို့က လက်ခံ၍ယုံကြည်သူ အဖွဲ့အစည်းအားလုံးက အသင်းတော်မှာ ကြာသည်နှင့်အမျှ ယုံကြည်လက်ခံလာကြမည် ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စဉ်ကာမူ မှန်ကန်သော အသင်းတော်တိုင်းသည် သေချာမြဲမြံသော အခြေခံမှုများ အပေါ်မှာ ဦးတည်၍ မက်သွစ်၊ ပရက်စ်ဘတီးရီးယာန်း၊ နှစ်ခြင်း၊ ပင်တေကုတ္တေ၊ အင်လီကန်နှင့် အခြားသောအဖွဲ့အစည်းများ ပါဝင်ပါသည်။ ဤအခြေခံမှုများထဲမှာ ပါဝင်သော အချက်များမှာ လူမျိုးတကာကို တပည့်ဖြစ်စေခြင်း (မဿဲ ၂၈း၁၈–၂၀)၊ အသက်တာ ရင့်ကျက်စေဖို့နှင့်သန့်ရှင်းသောသူများ ပြည့်စုံစေခြင်း (ဧဖက် ၄း၁၁–၁၆)။ ဝိညာဉ်ဆုကျေးဇူးများကို ကျင့်သုံး၍ ချစ်မေတ္တာ၏ ကြီးစိုးလွှမ်းမိုးခြင်းအောက်၌ ကြည့်ရှုစောင့်ရှောက်ခြင်း (၁ကော ၁၁း၁၄)၊ ပွဲတော်မင်္ဂလာ သုံးဆောင်ကျင်းပခြင်း (၁ကော ၁၁)။ ကျွန်ုပ်တို့၏ သဘောထားမှာ တမန်တော်များသည် အသင်းတော်နှင့် ပတ်သက်သော အောင်မြင်ခြင်းအကြောင်း နားလည်၍ သူတို့၏ တည်ထောင်ခဲ့သော အသင်းတော်များအတွက် နမူနာ ပုံစံများနှင့် ရည်ရွယ်ချက်များထား ရှိခဲ့ပါသည်။

**တမန်တော်များ စွဲကိုင်နေသော ရိုးရာလေ့များ အကျိုးအကြောင်းဆီလျော်နည်း ကျသည်။**

***AOLDING TO AOPOSTOLIC TRADITION IS LOGICAL***

၁ကော ၄း၁၆–၁၇ ဖတ်သည့်အခါ ကောရိန္သုမြို့သို့ တိမောသေကို စေလွှတ်ရန် ရည်ရွယ် ခဲ့ကြောင်း တွေ့ရသည်။ ရှင်ပေါလု၏ အသက်ရှင်ပုံကို အတုခိုးနိုင်အောင် တိမောသေက ကောရိန္သု ယုံကြည်သူများ နိုးဆော်ရန် ဖြစ်သည်။ ရှင်ပေါလု၏ နိမ့်ချမှုအသက်တာနှင့် သစ္စာရှိမှု တမန်တော်တစ်ဦး အနေဖြင့် နမူနာယူထိုက်သူဖြစ်သည်။ ထို့ကြောင့် ရှင်ပေါလုက "ငါကျင့်သည့်အတိုင်း သင်တို့သည် ကျင့်ကြမည့်အကြောင်း" ဟု ရေးသားခဲ့သည်။ "ငါကျင့်သည့် နည်းတူ ကျင့်ကြမည်အကြောင်း၊ ဘုရားသခင်၌ သစ္စာရှိသော ငါ၏ချစ်သား တိမောသေကို သင်တို့ဆီသို့ ငါစေလွှတ်၏။ ခပ်သိမ်းသောအရာတို့၌ ခပ်သိမ်းသောအသင်းတော်တို့ကို ငါသွန် သင်သည့်အညီ၊ ငါသည် ခရစ်တော်၌ ကျင့်သော အကျင့် လေ့များကို သင်တို့သည် မှတ်မိစေခြင်းငှါ သူသည် တိုက်တွန်းလိမ့်မည်။

ရှင်ပေါလု၏ နှုတ်ထွက်စကားများအားဖြင့် လက်တွေ့အသက်ရှင်ပြခြင်းဟာ ရောင်ပြန်ဟပ်သော အသက်တာဖြစ်ကြောင်း တွေ့ရသည်။ သူ၏ ခရစ်တော်၌ အသက်ရှင်ခြင်းအားဖြင့်နေရာတကာမှာရှိသည့် အသင်းတော်တိုင်းကို ခွန်အားပေးနေသည်။ ဤအချက်သည် တော်တည့်ဖြောင့်မတ်ခြင်းဖြစ်ပါသည်။ ရှင်ပေါလု၏ သွန်သင်ချက်အားဖြင့် ကြီးထွားရှင်သန်နေသော အသက်ရှင်နည်းဟာ ဤ လေ့ထုံးစံများပင်ဖြစ်သည်။ သူ၏ အကျင့်စရိုက်သည် သူ၏ယုံကြည်ခြင်းကို ဖော်ထုတ်ခဲ့သည်။ သူ၏ တာဝန်ကျေပွန်မှုသည် သူ၏စွဲကိုင်သော အယူဝါဒများ ဖော်ထုတ်ထားသည်။ ဤကဲ့သို့သော ကျင့်စဉ် "တမန်တော်များ၏ ယုံကြည်ချက်မှာ အသင်းတော်၏လုပ်ဆောင်ချက်များ အားဖြင့် အသင်းတော်ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၁ကော အခန်းကြီး (၄) ဟာ အသင်းတော်၏ ရှင်သန်ကြီးထွားမှုဖြစ်၍ တမန်တော်များ၏ အသင်တာများကို အတုယူ၍ အဖွဲ့အစည်းတိုင်းမှာ မှန်ကန်သော အသင်းတော်ရှင်သန်ကြီးထွားလာစေရန် ပညာရှိစွာ ရွေးချယ်တတ်ရမည်။

အသင်းတော်၏ ရည်ရွယ်ချက်မှန်ကန်စွာ နားလည်ထားသောသူအတွက် တမန်တော်များ ပေးခဲ့သော သူများဖြစ်သည်။ ခရစ်တော်သည် သေခြင်းမှရှင်ပြန်ထမြောက်ပြီးနောက် တမန်တော တို့အား အရက် (၄၀) ပတ်လုံးကိုယ်ကိုပြ၍ (တမန်တော် ၁း၄)၊ မိမိအသက်ရှင်သည့် အကြောင်းကို ခိုင်ခံ့သော သက်သေများအားဖြင့် ပြတော်မူသည်။ နောက်ဆုံးမှာ ခရစ်တော်ယေရှုသည် သူမသွန်သင်သေးသောအရာများ ဖွင့်ပြအောင် သန့်ရှင်းသော ဝိညာဉ်တော် စေလွှတ်ခဲ့သည် (ယော ၁၄–၁၆)။ ထို့ကြောင့် တမန်တော်များကို ခရစ်တော်ကိုယ်တိုင်က အသင်းတော်အကြောင်း သွန်သ်ခဲ့သမျှသော နည်းလမ်းများအားဖြင့် သူ့နည်း ဥပမာများ လိုက်လျှောက်ကာ အသင်းတော် များဖွဲ့စည်းမည်ဖြစ်သည်။

တိတု ၁း၅ ဤကျမ်းပိုဒ်သည် အသင်းတော်၏ ကျင့်စဉ်ကို ဖော်ပြပါသည်။ ရှင်ပေါလု သည် "ငါသည်သင့်ကို မှာထားခဲ့နှင့်သည်အတိုင်း ကရေတေကျွန်း၌ မစုံလင်သမျှတို့ကို ပြင်ဆင် ၍ မြို့ရွာများ၌ သင်းအုပ်တို့ကို ခန့်ထားစေခြင်းငှါ"။ ဤတိတုအခန်းကြီးတစ်သည် မြို့ရွာများ၌ အရည်အချင်း ပြည့်မီသော သင်းအုပ်များခန့်ထားရန်ဖြစ်သည်။ ဤကျမ်းပိုဒ်အားဖြင့် တမန်တော် များ၏ တိကျမှန်ကန်သော လုပ်ဆောင်မှုနည်းလမ်းများ အသင်းတော်နှင့် စပ်လျဉ်း၍ လုပ်ဆောင် ကြသည်။ အဖွဲ့အစည်းတိုင်းသည် သူကိုယ်တိုင်လုပ်ဆောင်ခဲ့သော အရာများ မေ့မထားသင့်ပေ။ အမိန့်ပေးသောအချက်၊ ပုံစံဥပမာများနှင့် ရိုးရာလေ့များသည် အသင်းတော်ဖွဲ့စည်းမှု၏ နောက်မှ လိုက်လာသည်။ ၁ကော ၁၁း၃၄ ဤကျမ်းပိုဒ်အားဖြင့် ရှင်ပေါလုသည် "ကြွင်းသောအမှုများကို ငါလာသောအခါ စီရင်မည်။"

တောင်ပိုင်းနှစ်ခြင်းကျမ်းတတ်ပုဂ္ဂိုလ်ကြီး J.L Dagg ကတမန်တော်များအကြောင်း ၁၈၅၈ ခုနှစ်တွင် ရေးသားခဲ့သည်။ "တမန်တော်များက အသင်းတော်များ ဘယ်လိုနည်းဖွဲ့စည်း ဦးဆောင်ရမည့်အကြောင်း သွန်သင်ခဲ့သည်။ တမန်တော်များ၏ သွန်သင်ချက်များကို ကျွန်ုပ်က ငြင်းပယ်ပိုင်ခွင့်မရှိပါ။ သူတို့၏ အမိန့်တော်များကို အပြုသဘောအားဖြင့် အသက်တာများမှ ရှင် သန်နေသည်။ ကိုယ့်ဆန္ဒအတိုင်း ရွေးချယ်ဆုံးဖြတ်မည့်အစား သန့်ရှင်းသော တမန်တော်များ၏ လျှောက်ခဲ့သောခြေလမ်းအတိုင်း လိုက်လျှောက်၍ သူတို့ကို ဦးဆောင်သော ဝိညာဉ်တော်ကို ဦးထိပ်ထား၍ သူတို့၏ ဖွဲ့စည်းပုံနှင့် လေ့ကျင့်စဉ်များကို မပြည့်စုံသောမှတ်ဉာဏ်များ အားဖြင့် အသိအမှတ်ပြုသင့်သည်။

**တမန်တော်များ၏ ရိုးရာလေ့များ စွဲကိုင်းခြင်းသည် ချီးမွမ်းထိုက်ပါသည်။**

***HOLDING TO APOSTOLIC TRADITION IS PRAISEWORTHY***

ရှင်ပေါလုသည် ၁ကော ၁၀း၃၁–၁၁း၁ ထဲမှာ ကောရိန္သုအသင်းတောဆီမှာ ဤသို့ တောင်းဆိုခဲ့သည်။ "ငါသည်ခရစ်တော်နည်းတူ ကျင့်သကဲ့သို့ သင်တို့လည်း ငါနည်းတူ ကျင့်ကြ လော့။" ဤကျမ်းပိုဒ်ကြည့်ခြင်းအားဖြင့် တစ်ခြားသူများအတွက် ကယ်တင်ခြင်းလက်ခံနိုင်ရန်နှင့် ဘုရားသခင် ဘုန်းတော်ထင်ရှားဘို့ရန် ဖြစ်ပါသည်။ ၁ကော ၁၁း၁ မှာ "ငါနည်းတူ" လို့ပြောရ ခြင်းသည် သူ့အသက်တာအတိုင်း အတုယူခြင်းကို ဆိုလိုပါသည်။ "သင်တို့သည် အရာရာ၌ ငါ့ကိုအောက်မေ့၍၊ ငါအပ်ပေးသောနည်းဥပဒေသတို့ကို စွဲလမ်းကြသည်ဖြစ်၍ သူတို့ကို ငါချီးမွမ်း ၏" (၁ကော ၁၁း၂)။ ရှင်ပေါလုသည် မိမိကိုယ်တိုင် ခရစ်တော်၏နဴးတူ ကျင့်သကဲ့သို့ ယုံကြည်သူများအားလည်း မိမိကဲ့သို့ ဖြစ်ကြဘို့ရန် တိုက်တွန်းပါသည်။

ရိုးရာ လေ့ထုံးစံဆိုတာဘာလဲ။ ဂရိဘာသာစကားဖြင့် "paradosis" စကားလုံးသည် "ရိုးရာ လေ့ထုံးစံ" ဟုအဓိပ္ပာယ်ရသည်။ Gordon Fee ၏ကောက်နုတ်ချက်မှာ "ရိုးရာ လေ့ထုံးစံ" ဆိုသည့်စကားလုံးသည်ယုဒ္ဒဘာသာ၏စကားလုံးအသုံးအနှုန်းဘာသာရေးသွန်သင်ချက်ဖြစ်၍ သင်ပြပြခြင်းဆိုတာထက် ဘာသာတရားဆိုင်ဝတ်ပြုကိုးကွယ်ခြင်းကို ဆိုလိုပါသည်။ ရိုးရာ လေ့ထုံးစံဆို တာက ယဉ်ကျေးမှု(သို့) လုပ်ထုံးလုပ်နည်းများပင်ဖြစ်သည်။ ဤ လေ့ထုံးစံများသည် ရှေးယုံ ကြည်သူများထံမှ သူတို့အသက်တာမှာ အသက်ရှင်ပုံများအမွေခံခြင်းဖြစ်ပါသည်။ ၁ကော၊ ၁၁း၂၃ ပွဲတော်မင်္ဂလာနှင့် ပတ်သက်သော ကျင့်စဉ်များဖြစ်သည်။ ၁ကော၊ ၁၁ ထဲမှာ ရှင်ပေါလုကိုယ် တိုင်က အသင်းတော်သည် ဤ လေ့ထုံးစံများစွဲကိုင်နေသောကြောင့် ချီးမွမ်းခဲ့ပါသည်။

ရှင်ပေါလုသည် ၁ကော၊ ၁၁း၂ မှာ "အရာရာ၌" ဆိုသည့် စကားလုံးအသုံးပြုခြင်းဟာ တည်ရှိလာသောအရာအားလုံးကို ဆိုလိုခြင်းဖြစ်သည်။ ရှင်ပေါလုက ဤအရာရာ၌ ဆိုသည့် စကားလုံးအသုံးခြင်းသည် ၁ကော၊ ၁၀း၃၁-၁၁း၁ မှာရှိသည့် အားပေးတိုက်တွန်းခြင်းမျှသာ မဟုတ်ဘဲ ဧဝံဂေလိအကြောင်းကို ဖော်ပြထားပါသည်။ အရာရာ၌ ဆိုသည့်စကားလုံးသည် အသင်းတော်၏စည်းကမ်းများ ပါဝင်မည်လော။ အမှန်တကယ်လုပ်ဆောင်ခဲ့ပြီးပြီလား။ ရှင်ပေါလု၏ ၁ကော၊ ၁၁း၂ ထဲမှာ ချီးမွမ်းခြင်းအစမှာ ခေါင်းဆောင်စဉ်သစ်ဖြင့် အစပြုပါသည်။ မိမိခေါင်းကို ဖုံးခြင်း (၁ကော၊ ၁၁း၃-၁၆)။ ဤအသစ်သော သွန်သင်ခြင်းဟာအသင်းတော်၏ ကျင့်စဉ်ဖြစ်ပါ သည်။ (ဤအခန်းမှာ ခေါင်းဖုံးခြင်းအကြောင်း ယနေ့အသင်းတော်များမှာ မှန်ကန်စွာ လက်တွေ့ ကျင့်သုံးရန်ဖြစ်သည်။)

"နည်းဥပဒေ" ဆိုသည့် စကားလုံး(၁ကော၊ ၁၁း၂)၏ အဓိကဆိုလိုရင်းမှာ ရိုးရာ လေ့ ထုံးစံကို ရှင်ပေါလုဆိုလိုချင်တာဖြစ်သလား။ လေ့ထုံးစံများသည် လက်တွေ့ကျင့်သုံးရန် ပုံတူကူး ခြင်းနှင့်တူပါသည်။ ရှင်ပေါလုသည် သူ့၏သွန်သင်ချက်များရိုးရာ လေ့ထုံးစံများ တိကျမှန်ကန်စွာ တဦးနှစ်တစ်ဦး လက်ဆင့်ကမ်းထိန်းသိမ်းထားသောကြောင့် ချီးမွမ်းခြင်းဖြစ်ပါသည်။ ခေါင်းဖုံးခြင်း ဟာ နက်နဲသော အဓိပ္ပာယ်ရှိပါသည်။ "ရိုးရာ လေ့ထုံးစံ" (၁ကော၊ ၁၁း၂) မှာ အများကိန်းသုံး ထားသောကြောင့် ရှင်ပေါလုခေါင်းဖုံးခြင်းအကြောင်းကို စွဲလမ်းနေခြင်းဖြစ်သည်။ ယနေ့ မ္မသစ် ကျမ်းစာ၏ သွန်သင်ချက်အတိုင်း အသင်းတော်၏ကျင့်စဉ် စည်းမျဉ်းစည်းကမ်းများသည် ရိုးရာ လေ့ထုံးစံ အစဉ်အလာအတိုင်း ကျင့်စောင့်ခြင်းသာ မဟုတ်ဘဲနှင့် ကျင့်စဉ်များကို အသင်းတော်အ တွက် အသုံးဝင်ပုံကို သဘောပေါက်သင့်ပါသည်။

မောရှေ၏ဥပဒေပြုခြင်း ပညတ်တော်များသည် ဇာတိအသက်တာကို ပုံဆောင်သည်။ ဤအ ရာများသည် နမူနာ ပညတ်တော်များသာ ဖြစ်သည်။ မောရှေကိုယ်တိုင်က ဥပမာ ပုံစံနမူနာ တ ချို့မှတ်သားထားခဲ့သည်။ ယုံကြည်သူများအသက်တာမှာ လက်တွေ့ပြသအသက်ရှင် ပြခြင်းကို မျှော်လင့်ပါသည်။ သာ က အနေနှင့်လယ်ယာပြင်၏ထောင့်တနေရာမှာ မရိတ်သိမ်းဘဲဆင်းရဲသား များအတွက် ချန်ထားပေးခဲ့သည်။ သံလွင်သီးများအကြောင်းမပြောပြပါ။ ဂျုံစပါးလယ်သမားများ က သာလျှင်ဆင်းရဲသားများကို ကျွေးမွေးရ၍၊ သံလွင်စိုက်ပျိုးသော သူများက သံလွင်သီးများမ ရိတ်သိမ်းရမည်လော့။ တကယ်တန်းတော့မဟုတ်နိုင်ပါ။ မည်သို့ပင်ဖြစ်စေလယ်သမားတိုင်သည် ပြောင်းဖူးသီးများကို ဆင်းရဲသားများအတွက် ချန်ထားပေးလို့ရသည်။ ဒီအတိုင်းပဲ တမန်တော်များ ၏ ရိုးရာ လေ့ထုံးစံများ၏လုပ်ဆောင်မှုဟာ ဇာတိသဘောကို ဆန်လွန်းပါသည်။ တမန်တော်များ ၏ ကျင့်စဉ်များပြန်လည်သုံးသပ်ကြည့်သည့်အခါ ကျေနပ်မှုရနိုင်သည်။ တမန်တော်များ၏အသင်း တော်တည်ဆောက်သည့်နည်းစနစ်များပုံစံနမူနာ ယူပြီးအသက်တာမှာ လက်တွေ့ကျင့်သုံးဖို့လိုအပ်ပါ သည်။

ရိုးရာ လေ့ထုံးစံများအကြောင်းကို မှားနိုင်ဘွယ်ရှိသော်လည်း မှန်ကန်သည့်အကြောင်း သုံး သပ်ကြည့်အခါ စိတ်ဝင်စားဘွယ်ကောင်းပါသည်။ ရှင်ပေါလုက ရိုးရာ လေ့နှင့်ပတ်သက်သည့် စကားလုံး (၁ကော၊ ၁၁း၂) မှာ သုံးသည့်အတိုင်း ယေရှုခရစ်တော်က (မသဲ၊ ၁၅း၁-၃) အသုံး ပြုခဲ့သည်။ ဖာရိရှဲလူမျိုးသည် ဆီမှာ ခရစ်တော်က ဤသို့ပြောဆိုခဲ့ပါသည်။ ရှေးလူဟောင်းတို့မှ ဆက်ခံသော နည်းဥပဒေသကို ကိုယ်တော်၏တပည့်တော်တို့သည် အဘယ့်ကြောင့် လွန်ကျူးကြ ပါသည်။ ခရစ်တော်က ဖာရိရှဲလူမျိုးများအပြစ်တင်သော်လည်း ရှင်ပေါလုက ကောရိန္တုလူများကို တမန်တော်များ၏ ရိုးရာ လေ့များလိုက်လျှောက်သောကြောင့် ကောင်းကြီးပေးခဲ့ပါသည်။ ဖာရိရှဲလူ မျိုးများသည် ဘုရားသခင်၏ပညတ်တော်ကို ချိုးဖောက်ကြသည်။ သို့သော်လည်း တမန်တော်များ ၏ ရိုးရာ လေ့များသည် ခရစ်တော်၏ပညတ်တော်များကို အတည်ပြုခဲ့ပါသည်။ ရှင်ပေါလု၏ ကောရိန္တုအသင်းတော်များချီးမွမ်းခြင်းကို သက်သေထောက်ပြ၍ (၁ကော၊ ၁၁း၂)၊ တမန်တော်များ ၏စွဲကိုင်သော ရိုးရာ လေ့ထုံးစံများသည် ချီးမွမ်းထိုက်ပါကြောင်း သက်သေထူပြနိုင်ပါသည်။ ယ နေ့အသင်းတော်များတွင် ကျင့်သုံးနေသော လေ့ထုံးစံများခရစ်တော်၏အမိန့်တော်နှင့် ကိုက်ညီမှု ရှိမရှိကိုလည်း အထူးသတိထားအပ်ပါသည်။

### တမန်တော်များ၏ စွဲကိုင်သောရိုးရာ လေ့ထုံးစံများသည် လူအများစုနှင့်ဆိုင်သည်။

*Holding To Apostolic Tradition Is To Be Universal*

ရှင်ပေါလုကြီးသည် ခေါင်းဖုံးခြင်း၏ အနှစ်သာရပေါ်လွင်စေသော အကြောင်းသည် လူအ များနှင့်ဆိုင်ကြောင်း အငြင်းအခုံလုပ်ခြင်းကို ကန့်ကွက်ခဲ့သည်။ "တစုံတစ်ယောက်သောသူသည် ငြင်းခုံလျှင်၊ ငါတို့၌၎င်း၊ ဘုရားသခင်၏အသင်းတော်၌၎င်း ထိုသို့သော ထုံးစံမရှိပါ။" (၁ကော၊ ၁၁း၁၆)။ နောက်ဆုံးသွန်သင်ချက်သည် အသင်းတော်တို့၌ အငြင်းအခုံများကျော်လွှားဘို့သွန်သင် ခဲ့ပါသည်။ အသင်းတော်တိုင်းမှာလည်း ငြင်းခုံခြင်းမရှိအောင် ရှင်ပေါလုက မျှော်လင့်ပါသည်။ အငြင်းအခုံလုပ်ခြင်းနှင့် ငြိမ်သက်စွာ နေခြင်းဟာဘယ်လောက်ခြားနားမှုကြီးမားကြောင်းနားလည် သင့်ပါသည်။ အသင်းတော်များတွင် တိကျသောလုပ်ဆောင်ချက်များသိသာထင်ရှားစွာ ဤနည်း လမ်းများကဲ့သို့ နေရာတိုင်းမှာ လုပ်ဆောင်ခဲ့ပြီ ဖြစ်ကြောင်း သိထားရသည်။ ထို့ကြောင့် ဤ (၁ကော၊ ၁၁း၁၆) က မတူညီသော မလိုအပ်သောဖြစ်ရပ်များ မ္မသစ်အသင်းတော်များတွင်လည်း မသုံးသင့်တော့ပါ။

ရှင်ပေါလုသည် (၁ကော၊ ၁၄း၃၃-၃၄) အားဖြင့် ဤထုံးစံများသည် လူအများစုနှင့် သက်ဆိုင်ကြောင်းမှန်ကန်စွာ ဖော်ပြထားသည်။ "သင်တို့၏မိန်းမတို့သည် အသင်းတော်၌ တိတ်ဆိတ်စွာနေကြစေ"။ မည်သို့ပင်ဖြစ်စေကာမူ ဤကျမ်းပိုဒ်၏ အဓိက သွန်သင်ချက်ဟာ လူအများ စုနှင့် သက်ဆိုင်သော အသင်းသူအသင်းသားအားလုံး၏နာခံမှု အသက်တာကို ဖော်ပြခြင်းဖြစ်ပါ သည်။ နောက်ဆုံးမှာ ရှင်ပေါလုက ကောရိန္တုအသင်းတော်ကို ဤသို့ပြောခဲ့သည်။ (၁ကော၊ ၁၄း ၃၆) မှာ "ဘုရားသခင်၏နှုတ်တော်တရားတော်သည် သင်တို့မှ ထွက်သလော။ သို့မဟုတ် သင် တို့သို့သာ ရောက်သလော။ ဤမေးခွန်းနှစ်မျိုး၏အဖြေမှာ မဟုတ်ပါ လို့ ဖြေရမှာ ဖြစ်သည်။ မ္မသစ်အသင်းတော်များတွင် ဤအရာများထက် ပို၍ပုံစံတူဖြစ်အောင် လိုအပ်ပါသည်။ ကောရိန္တု အသင်းတော်များတွင် ကွဲပြားခြားနားမှုဖြစ်လာအောင် အမျိုးမျိုးစုံစမ်းခြင်းရောက်ရှိလာသည်။ အ သင်းတော်များသည် ကောင်းသောပုံစံနမူနာ သွန်သင်မှုများ မျှော်လင့်ကြပါသည်။ ဤအပေါ်မှာ မေးခွန်းနှစ်မျိုးကို ကောရိန္တုအသင်းတော်များက လက်တွေ့ကျင့်စောင့်နိုင်ရန်လိုအပ်သည်။ ယနေ့

တမန်တော်များ၏ ကျင့်သုံးနေသော ရိုးရာ လေ့ထုံးစံများဟာ လူများအားစုနှင့်သက်ဆိုင်ကြောင်း ပထမရာစုနှင့်အသင်းတော်များကဲ့သို့ ယနေ့မှာလည်း အငြင်းအခုံရှိကြပါသည်။

တရုတ်ပြည်က ယုံကြည်သူ Watchman Nee သည် အသင်းတော်နှင့် ၎င်း၏အလုပ်ဆိုသည် စာအုပ်မှာ ဤသို့ရေးသားခဲ့ပါသည်။ တမန်တော်ဝတ္ထုဟာ အသင်းတော်၏ကမ္ဘာဦးကျမ်း “အစပြုခြင်းဖြစ်၍၊ ရှင်ပေါလုအချိန်က အသင်းတော်ဟာလည်း သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်အစပြုခြင်းဖြစ်သည်။ သို့ဖြစ်၍ အစပြုခြင်း၌ ပြန်လာကြဘို့လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ အသက်ရှင်ပုံသာ က ဖျားသည် ဘုရားရှင်တပါးတည်းကသာ ပို့ဆောင်နိုင်သော ဤအစပြုခြင်း ဟာ ထာဝရဘုရားရှင်၏အလိုတော်ဖြစ်ပါသည်။ ဤအဆင့်အတန်းသည် အချိန်တိုင်းမှာ ရှိသင့်သည့် ကျွန်ုပ်တို့၏သာ က ပုံစံများဖြစ်သည်။ ဘုရားရှင်သည် သူ့၏အလိုတော်ကို ပြန် လည်ရုပ်လုံးဖော်စေသည်။ အမိန့်ပေးချခြင်းအားဖြင့်သာ မဟုတ်ဘဲသူ့အသင်းတော်မှာ ဤသို့ပြည့် စုံစေမည်ဖြစ်သည်။ လာမည့် အနာဂတ် ကာလများမှာလည်း ဘုရားသခင်၏အလိုတော် လူသားအား လုံးသိရှိနားလည်လာနိုင်အောင် ပို့ဆောင်ပေးမှာ ဖြစ်ပါသည်။

## တမန်တော်များစွဲကိုင်နေသော ရိုးရာ လေ့များသည် ဘုရားသခင်၏ ငြိမ်သက်ခြင်းရရှိစေသည်။

*Holding To Apostolic Tradition Brings God's Peaceful Presence*

သခင်ဘုရား၌ အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိကြလော့။ တဖန်ငါဆိုသည်ကား ဝမ်း မြောက်ကြလော့။ လူအပေါင်းတို့ရှေ့၌ သင်တို့၏ ဖြည်းညှင်းခြင်းသဘောကို ထင်ရှားစေကြ လော့။ သခင်ဘုရားသည် အနီးအပါး၌ရှိတော်မူ၏ အဘယ်အမှုကိုမျှ စိုးရိမ်းခြင်းမရှိဘဲ အ ရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာပြုခြင်းအားဖြင့် သင်တို့ တောင်းပန်လိုသော အရာများတို့ကို ဘုရားသခင်အားကြားကြလော့။ ထိုသို့ပြုလျှင် အဘယ် သူမျှကြံ၍ မမှီနိုင်သော ဘုရားသခင်၏ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏ စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်။ (ဖိလိ၊ ၄း၄–၇) ဤကျမ်းပိုဒ်သည် မည်သို့ပင်ဖြစ်စေကာ မူ အခြေအနေပေါ်မှာ ရပ်တည်ခြင်းမပြုဘဲလျှက် စစ်မှန်သော ဘုရားသခင်၌ဝမ်းမြောက်ခြင်း ဘုရားသခင်၏ငြိမ်သက်ခြင်းကို ရရှိနိုင်သော နည်းလမ်းဖြစ်ပါသည်။

နောက်စာပိုဒ်မှာ (ဖိလိ ၄း၈–၉) မှာ ဖိလိပ္ပိအသင်းတော်များဆီမှာ ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ဘယ်လိုနည်းနှင့်ရယူနိုင်မည့်အကြောင်းဖော်ပြထားပါသည်။ ယနေ့ကျွန် တော်တို့၏ အသင်းတော်များမှာလည်း မှန်ကန်လိုအပ်သောအကြောင်းရင်းများဖြစ်ပေသည်။ “ညီအစ်ကိုတို့ သမ္မာတရားနှင့်ဆိုင်သောအကျင့်၊ လျောက်ပတ်သော အကျင့်၊ ဖြောင့်မတ် သောအကျင့်၊ စင်ကြယ်သောအကျင့်၊ သူတပါးနှစ်သက်ဘွယ်သောအကျင့်၊ ချီးမွမ်းဘွယ် သောအကျင့်ရှိသမျှတို့ကို၎င်း၊ ပါရမီတပါးပါးကောင်းသော သတင်းတပါးပါးနှင့်ဆိုင်သောအ ကျင့်တို့ကို၎င်း၊ နှလုံးသွင်းကြလော့။ သင်တို့သည် အထက်ကသင်ယူ၍ ငါ၌ကြားမြင်ခဲ့ပြီးသ မျှတို့ကို ကျင့်ကြလော့။ ထိုသို့ကျင့်လျှင်ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင်သည် သင်တို့နှင့်အတူ ရှိ တော်မူလိမ့်မည်။

ဖိလိပ္ပိယုံကြည်သူများကို သူတို့သင်ယူခဲ့သမျှအတိုင်း၊ ကြားခဲ့သမျှတိုင်း၊ လက်ခံရရှိခဲ့သမျှ အတိုင်းလက်တွေ့ကျင့်သုံးအသက်ရှင်ပြရန်သွန်သင်ထားခြင်းဖြစ်ပါသည်။ ခရစ်တော်၏နိမ့်ချသော အသက်တာ၊ သူတပါးပိုဦးစားပေးသောအသက်တာ၊ ဘုရားသခင်၌ ဝမ်းမြောက်ခြင်းအသက်တာ များကိုအတုယူလက်တွေ့ကျင့်သုံးရန် ဤကျမ်းပိုဒ်၏အခြေခံသွန်သင်ချက်ဖြစ်ပါသည်။ မွှသစ် ခေတ်အသင်းတော်ဖွဲ့စည်းတည်ဆောက်ခြင်းလုပ်ငန်းမှာ ရှင်ပေါလု၏ကျင့်သုံးသောနည်းစနစ်များပင် ဖြစ်ပါသည်။ တမန်တော်များသည် ကနဦးအသင်းတော်ဦးဆောင်ခဲ့ပုံမှာ သမ္မာကျမ်းစာမှာ ရှင်း လင်းစွာ ဖော်ပြထားပါသည်။ တမန်တော်မျး၏ လေ့ထုံးစံများလမ်းလွဲသွားခြင်းသည် တချို့သော သူများ၏ ဘုရားသခင်ဆီကနေလာသော ကောင်းကြီးမင်္ဂလာများနှင့် လမ်းလွဲသွားခြင်းဖြစ်လာ တတ်သည်။ အသင်းတော်မှာ တမန်တော်များ၏ ကျင့်စဉ်အသက်တာများအတိုင်း ကျင့်စောင့်သော အဖွဲ့အစည်းးတိုင်းသည် ဘုရားသခင်၏ငြိမ်သက်ခြင်းပို၍ခံစားရမည်ဖြစ်ပါသည်။

## တမန်တော်များ၏စွဲကိုင်သော ရိုးရာ လေ့ထုံးစံများသည် အမိန့်ပေးခြင်းဖြစ်သည်။

*Holding To Apostolic Tradition Is Commanded*

သက်သာလောနိတ်အသင်းတော်ကို ရှင်ပေါလုသည် အမိန့်ပေးသွန်သင်ခဲ့ပါသည်။ (၂သက်၊ ၂း၁၅) မှာ ညီအစ်ကိုတို့ ငါတို့နှုတ်ထွက်စကားအားဖြင့်ဖြစ်စေ၊ စားအားဖြင့်ဖြစ်စေ၊ သင်တို့သည် သင်ခဲ့ပြီးသော နည်းဥပဒေများကို တည်ကြည်လျက်ကိုင်ယူစွဲလမ်းကြလော့။ သက်သာလောနိတ်ယုံကြည်သူများကိုနှုတ်ထွက်စကားအားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ၊ တမန် တော်များ၏ လေ့ထုံးစံများ၊ သင်ခဲ့ပြီးသောမည်းဥပဒေသများတည်ကြည်လျက် ကိုင်စွဲလမ်းရန် ရှင် ပေါလုက အမိန့်ပေးခဲ့ပါသည်။ ယနေ့မှာ တမန်တော်ဆယ်နှစ်ပါးတို့သည် လူပုဂ္ဂိုလ်အားဖြင့်မရှိ တော့သော်လည်း နှုတ်ထွက်စကားအားဖြင့်မည်သို့ပြုလုပ်ရမည်ကို အမိန့်ပေးသွန်သင်ခဲ့ပါသည်။ လေ့ထုံးစံများကို ရှင်းလင်းစွာစာအားဖြင့် ပျက်တမ်းတင်ထားပါသည်။ ၂သက်အခန်းကြီး ၂အားလုံး သည်နောက်ဆုံးသော ကာလမှာ ဖြစ်ပျက်လာမည့်အရာကို သွန်သင်၍အသင်းတော်၏ဥပဒေများ ရှင်းလင်းစါ ဖော်ပြထားခြင်းမရှိပါ။ ရိုးရာ လေ့ထုံးစံများဆိုသည့်စကားလုံး(၂သက်၊ ၂း၅)မှာ အ များကိန်းကို အသုံးပြုပြီး ခရစ်တော်ဒုတိယအကြိမ်ကြွလာမည့် အချိန်မှာ ရှိသင့်သည့် လေ့ထုံးစံ များကို ဖော်ပြပါသည်။ မွှသစ်အသင်းတော်၏ပုံစံ၊ နည်းဥပဒေသများကို အသင်းတော်နှင့်စပ် လျဉ်း၍ အသက်တာမှာ လက်တွေ့ကျင့်သုံးနိုင်မည်ဖြစ်သည်။

စိတ်ဝင်စားဘွယ်ကောင်းသောအရာတခုမှာ လေ့ထုံးစံဆိုသည့်စကားလုံးအစား “သင်ကြား ခြင်း” ဆိုသည့် စကားလုံးကို အသုံးပြုခဲ့ပါသည်။ ဤအကြောင်းသည် နှုတ်ထွက်စကားများဖြစ်သော တမန်တော်များ၏ ရိုးရာ လေ့ထုံးစံများသည် နောက်ဆုံးသောကာလမှာ ဖြစ်ပျက်မည့်အရာများအ ကြောင်း(၂သက်၊ ၂း၁–၁၂)မှာ ဖော်ပြထားပါသည်။ သို့ပေမည့် KJV, ASV, RSV နှင့် NASV ကျမ်းစာအုပ်များက “paradosis” စကားလုံးကို လေ့ထုံးစံဟူ၍ ဘာသာပြန်ကြသည်။ ရိုးရာ လေ့ထုံစံဆိုသည့်စကားလုံးအသုံးအနှုန်းဟာ လုံးထွေးသတ်ပုတ်နားလည် သင့်ပါသည်။ အများစု သော ယုံကြည်သူများသည် တမန်တော်များ၏ လေ့ထုံးစံများစိတ်ဝင်စားဖွယ်ကောင်းသည်။ သို့ သော် အမိန့်တော်အဖြစ်လက်မခံနိုင်ပါ။ သို့ဖြစ်၍(၂သက်၊ ၂း၁၅)က ဘာကို ထောက်ပြချင်ပါသ လဲ။ တမန်တော် လေ့ထုံးစံများအပေါ်သစ္စာရှိမှုသည် တကယ်တန်းအမိန့်တော်လား(သို့) အကြံပေး ခြင်းသမျှသာ ဖြစ်မည်လား။ ဤအချက်မှာ သေသေချာချာအမိန့်တော်စစ်စစ်ဖြစ်ပါသည်။ တမန်

တော်များ၏ကျင့်စဉ်ခံယူသွန်သင်ချက်များကို စွဲကပ်သွားဖို့လိုအပ်သည်။ တမန်တော်များ၏ကျင့်စဉ် ခံယူချက်များသာမက သူတို့၏နည်းဥပဒ္ဒေသများပါ ကျွန်တော်တို့က ကျင့်စောင့်ဖို့ဖြစ်သည်။

(၂သက်၊ ၃း၆–၇)မှာ ရှင်ပေါလုက လေ့ထုံးစံကို ပေါ်လွင်စေသောရှိသင့်သည့် စိတ်နေသဘောထားများဖော်ပြထားပါသည်။ ညီအစ်ကိုတို့ ငါတို့ထံ၌ ခံရသောနည်းဥပဒ္ဒေသအတိုင်းမ ကျင့်ဘဲ၊ မတရားစွာပြုသော ညီအစ်ကိုရှိသမျှတို့ကို ရှောင်ကြည်ပြလေ့ဟု ငါတို့သခင်ယေရှုခရစ်၏နာမတော်အားဖြင့် ငါတို့သ် ပညတ်ထားကြ၏အကြောင်းမူကား ငါတို့ပေးသော ပုံသက်သေကို လိုက်၍ သင်တို့သည် အဘယ်သို့ကျင့်ရမည်ဟု သင်တို့ကိုယ်တိုင်သိကြ၏

ဤကျမ်းပိုဒ်၏တိကျစွာ ဖော်ပြထားသောအချက်မှာ ပျင်းရိခြင်းသည်အော်မြင်အကျိုးသက် ရောက်မှုကို အပယ်နှ့အတားဖြစ်ကြောင်းဖော်ပြထားသည်။ ဤနည်းဥပဒ္ဒေသအတိုင်းကျင့်စောင့်ခြင်း သည် ခံယူချက်သက်သက်ထက်သာလွန်ပါသည်။ တမန်တော်များသည် သူတို့၏နည်းဥပဒ္ဒေသများ အသင်းတော်များမှ ကျင့်စောင့်စေချင်ပါသည်။ သမ္မာကျမ်းစာသွန်သင်သည့်နည်းဥပဒ္ဒေများကို အကန့်အသတ်ထားပြီးနောက်ဆုံးသောကာလနှင့်အလုပ်အကြောင်း လျှောက်ရမည်လော။

Rhode Island ကို တည်ထောင်သူအမေရိက ပထမနှစ်ခြင်းအသင်းတော် (၁၆၀၀) Roger Williams သည် ခရစ်ယာန်ခေါင်းဆောင်တဦးအတွက် ဥပမာဤသို့ဆိုခဲ့သည့် မွှသစ်အသင်းတော်၏ပုံစံနှင့်သွန်သင်ခံယူချက်များလိုက်နာကျင့်စောင့်ရန် အနည်းနှင့်အများကြိုးစားသင့်သည်ဟု ဆိုခဲ့သည်။ ဤကဲ့သို့သောခံယူချက်ကြောင့် Williams သည် Rhode Island လက်အောက်ခံနိုင်ငံ ကို မွှသစ်အသင်းတော်အချိန်တွင် အသင်းတော်နှင့်လက်အောက်ခံနိုင်ငံမတူညီကြောင်းတွေ့ရှိရ သည်။

## တစ်ညီတစ်ညွတ်တည်းရှိခြင်း (CONSISTENCY)

ဓမ္မသစ်အသင်းတော်၏ကျင့်စဉ်ပုံစံကို တည်မြဲလာအောင် ယနေ့အသင်းတော်မှာ ဘုရားသခင်စိတ်ဝင်စားလာအောင်ဘယ်လိုမျိုးနိရိုးချုပ်သင့်သနည်း။ ယနေ့အသင်းတော်များသည် မွှသစ်ခေတ်အသင်းတော်များသဖွယ်သာမန်အသင်းတော်လှုပ်ရှားမှုတိုင်းမှာ တူညီမှုရှိသည်။ ကနဦးအသင်းတော်၏သွန်သင်ခဲ့သောစည်းစနစ်များတန်ခိုးပါသော နည်းလမ်းများကို ယနေ့အသင်းတော်များတွင် ကြာမြင့်သောအချိန်များစပြီးပပျောက်ထားခဲ့ပါသည်။

သမ္မာကျမ်းစာကတိုက်ရိုက်အမိန့်ပေးသောအချက်ရှိသောအခါ ထိရောက်စွာလိုက်လျှောက်ဖို့လိုအပ်ပါသည်။ ကျမ်းစာသွန်သင်ချက်အတိုင်း တမန်တော်များ၏သွန်သင်ခဲ့ပြီးသော နည်းဥပဒ္ဒေ သများကို တည်ကြည်လျှက်ကိုင်ယူစွဲလမ်းရန် လိုအပ်သည်(၂သက်၊ ၂း၁၅)၊ မှန်ကန်သော မေး ခွန်းက "ဓမ္မသစ်အသင်းတော်၏လုပ်ဆောင်သည့်အတိုင်းလုပ်ဆောင်ရမည်လော" ဟူ၍မဟုတ်ဘဲနှင့် ဘာဖြစ်လို့လိုအပ်သလိုအခြားသောမည်းလမ်းအတိုင်းလုပ်ဆောင်ရပါမည်လောဟူ၍ဖြစ်သည်။

သမ္မာကျမ်းစာအရ သိသာထင်ရှားသော အရာတွေတမန်တော်များ၏နည်းဥပဒေသများ အသင်းတော်၏နည်းဥပဒ္ဒေသများအဖြစ် ယနေ့အသင်းတော်အတွက် ရှိနေသေးသလော။(မှတ်သား ထားဖို့ရန် အပေါ်မှာ ရှင်းပြထားသောအချက်အလက်များအများသဘောတူညီချက်အရ ကျမ်းတတ်ပုဂ္ဂိုလ်များ၏အသိုင်းအဝိုင်းမှာ ဂိုဏ်းဂဏစွဲခြင်းမရှိဘဲနှင့် ကနဦးအသသင်းတော်၏နည်းလမ်း လျှောက်နိုင်ရန်လိုအပ်သည်။)

၁။ ပွဲတော်မင်္ဂလာမိသဟာယအစားအစာအတွက် ကျင်းပပြုလုပ်ခြင်း(၁ကော၊ ၁၁း၁၇–၃၄)၊အပတ်တိုင်းပွဲတော်ပါဝင်ခြင်း(တမန်၊ ၂၀း၇၊ ၁ကော၊ ၁၁း၁၇–၂၂)၊ အပတ်တိုင်းစုစည်းခြင်း၏အဓိကအကြောင်းရင်း(တမန်၊ ၂၀း၇၊ ၁ကော၊ ၁၁း၃၃)။

၂။ အသင်းတော်အစည်းအဝေးများ၌ပါဝင်ခြင်း(၁ကော၊ ၁၄း၂၆း၃၇၊ ဟေဗြဲ ၁၀း၂၄–၂၅)၊မိသဟာယဖွဲ့ခြင်းနှင့်အဖွဲ့အစည်းများ၏ရည်ရွယ်ချက်များသည် တည်ဆောက်စရာဖြစ်ဘို့ရန်နှင့် တိုက်တွန်းခွန်အားပေးတတ်ဘို့ရန် (တမန်၊ ၂း၄၂၊ ၁ကော၊ ၁၄း၃–၅၊ ၁၂၊ ၂၆၊ ဟေဗြဲ ၁၀း၂၄–၂၅)။

၃။ အများသဘောတူညီချက်ရှိသော အသင်းတော်ဖွဲ့စည်းပုံများ၊ သင်းထောက်သည်သာဦးဆောင်ကြီးစိုးသည့်အသင်းတော်များ(လုကာ၊ ၂၂း၂၄–၂၇၊ ၁ပေ၊ ၅း၁–၄)။ အသင်းတော်သင်းထောက်လူကြီးများယောကျာ်းမျိုးသာဦးစားပေးခြင်းအများစုအတွက်သာ ဦးစားပေးခြင်း၊ မိသားစုကိုဦးစားပေး ခြင်း၊ အစေခံခေါင်းဆောင်ခြင်းစသည်များလိုအပ်သည်။

၄။ အိမ်အဆင့်အသင်းတော်များ ဥပမာ–ပို၍သေးငယ်သောအဖွဲ့အစည်း (ရော၊ ၁၆း၅၊ ၁ကော၊ ၄း၁၅၊ ဖိလိ၊ ၂)၊ သူတို့အားလုံးသည် စိတ်တလုံးတစ်ဝတည်းရှိကြသော ယုံကြည်သူအဖွဲ့အစည်းများဖြစ်ကြပါသည်။ အိမ်အသင်းတော်များတွင် ဟန်ဆောင်မှုများမပါရှိပါ။ အိမ်အသင်းတော်များမှ တစ်ခုခုဖြစ်ပေါ်လာသည့်အခါမှာ သေးငယ်သော အသင်းတော်မှအကောင်းဆုံးကိုင်တွယ်ဖြေရှင်းပေးခဲ့သည်။ မွှသစ်အသသင်းတော်၏အသက်ရှင်ပုံများပုံစံကျင့်စောင့်သော သေးငယ်သည့်အသင်းတော်များသည် ကြီးမားသောအဖွဲ့အစည်းများထက်သာ၍ အောက်မြင်ကြသည်။

၅။ ကိုယ်တော်၏ထမြောက်သောနေ့ရက်မှာ ယုံကြည်သူများပုံမှန်စည်းဝေးမိသဟာယဖွဲ့ကြသည်(မ သဲ ၂၈း၁–၇၊ တမန်၊ ၂၀း၇၊ ၁ကော၊ ၁၆း၁–၄၊ ဗျာ၊ ၁း၉–၁၁)။အပတ်စဉ်၏ပထမနေ့ရက်ကို ခရစ်တော်ယေရှု၏ရှင်ပြန်ထမြောက်ခြင်းကို ရဏ်ပြုသည့်အနေဖြင့် စည်းဝေးဝတ်ပြုကြသည်။

၆။ ကလေးသူငယ်များလည်း မိဘများနှင့်အတူ ဝတ်ပြုစည်းဝေးကြသည် (မသဲ ၁၉း၁၃–၁၅၊ လုကာ၊ ၂း၄၁–၅၀၊ တမန်၊ ၂၁း၅၊ ဧဖက် ၆း၁–၃)။ ထို့ကြောင့် အသင်းတော်များသည် ခွန်အား ကြီး၍သင်းခွဲခြင်းမရှိဘဲ စည်းလုံးညီညွှတ်သော မိသားစုအသင်းတော်များဖြစ်ကြသည်။

၇။ အဖွဲ့အစည်းကို ဦးစားပေးသော အိမ်အသင်းတော်သည် အလွယ်တကူနေ့စဉ်မိသဟာယလုပ်ဆောင်ကြသည်(တမန်၊ ၂း၄၂–၄၇)။

၈။ တမန်တော်အသင်းတော်များကဲ့သို့ အသင်းတော်များကြီးပွားရင့်ကျက်ပြည့်စုံလာနိုင်ရန် ရင့် ကျက်သောခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ ဧဝံဂေလိဆရာများလိုအပ်ပါသည်(ဧဖက်၊ ၄း၁၁–၁၃)။ ထိုသို့သောရင့်ကျက်သည့်အမှုတော်ဆောင်များအားဖြင့် အသင်းတော်လှုပ်ရှားမှုပိုပြီး ကျယ်ပြန့်လာသည်။ အမှုတော်ဆောင်များကိုယ်တိုင်တောက်ပံ့ကြေးရလို့မဟုတ်ဘဲ သူတို့ကိုယ်ကလိုအပ်သလိုထောက်ပံ့ပေးကြသည်။ အသင်းသူသားအားလုံးလည်းတတ်နိုင်သလောက် ပါဝင်ကြပါသည်။

ဤအထက်ပါအချက်များအားဖြင့် တစ်ညီတစ်ညွတ်တည်းဖြစ်ခြင်းအကြောင်းကို ငြင်းစရာရှိ သလား။ အသင်းတော်၊ ဗတ်ာတော်များများသည် ဤပုံစံဥပမာအတိုင်းကျင့်စောင့်ကြ၍ အကုန်အ စင်တော့မဟုတ်ပါ။ သို့ဖြစ်၍ ကျွန်ုပ်တို့အံ့သြမသင့်ကြဘူးလား။ မွှသစ်အသင်းတော်ပုံစံနည်း ဥပ ္ဒေသအတိုင်း အသက်ရှင်နိုင်ရန် လမ်းလွှဲပေးနိုင်သောအကြောင်းအရင်းများရှင်းပြသွန်သင်နိုင်ရန် ယုံကြည်သူတိုင်းဝန်တာထားရှိဘို့လိုအပ်ပါသည်။ ဤတညီတညွတ်တည်းရှိခြင်းအကြောင်းကို တတန်တော်များက အသင်းတော်တိုင်းအတွက် လိုက်လျှောက်စွဲလမ်းနိုင်ရန် မြော်လင့်ထားသလို အရေးကြီးသော အပိုင်းကဏ္ဍများဖြစ်သည်။ တမန်တော်များအပ်ပေးသော နည်းဥပဒ္ဒေသများကို စွဲလမ်းကျင့်စောင့်ရန်ဖြစ်သည်။

## အန္တရယ်များ (DANGERS)

အသက်မရှိခြင်း။ ။ အသင်းတော်များ၏အသက်တာမှာ ရှေးဦးစွာအတွင်းစိတ်နှလုံး သားထဲမှာရှိသော အသက်အားဖြင့်အသက်ရှင်သန်ကြီးထွားခြင်းဖြစ်သည်။ ခရစ်တော်လောက ဆင်းကြွလာခြင်းမှာ ကျွန်ုပ်တို့က အသက်နှင့်ပြည့်စုံစေခြင်းငှါ ကြွလာခြင်းဖြစ်သည်(ယော၊ ၁၀း၁၀)။ စပျစ်ပိုင်ပုလင်းဟာ အထဲမှာ စပျစ်ရည်မရှိလျှင် တန်ဘိုးမရှိပါ။ ထို့ကဲ့သို့ အသင်းတော်လုပ်ရှားမှုတိုင်းမှာလည်း စပျစ်ရည်ဖြစ်သော ဝိဉာဏ်အသက်လူတိုင်းမှာရှိသင့်သည်။ ခြောက်ကပ်သော အသက်တာအသက်မရှိသော အသက်တာဖြစ်တတ်သည်။ ခရစ်တော်သည် စပျစ်နွယ်ပင်ဖြစ်၍ ကျွန်ုပ်တို့သည် စပျစ်ခက်များဖြစ်ကြသည်။ ခရစ်တော်မပါလျှင် ကျွန်ုပ်တို့သည် ဘယ်အမှုကိုမျှမတတ်နိုင်ကြပါ(ယော၊ ၁၅း၅)။ အပြင်ပန်းသဏ္ဍာန်ပြည့်စုံသောအသက်တာကြည့်ခြင်းဟာမဖြစ်သင့်သောအရာဖြစ်သည်။ ခရစ်တော်၏ရှင်ပြန်ထမြောက်သော အသက်တာအားဖြင့် နေ့စဉ်အသက်ရှင်ခြင်းဟာအရေးကြီးဆုံးဖြစ်ပါသည်။ ယေရှုခရစ်တော်ဘုရားသည် အမှန်တကယ်ကြီးမြတ်အသက်ရှင်သော သူဖြစ်သည်။ တမန်တော်အသင်းတော်များ၏လက်တွေ့အသက်ရှင်လှုပ်ရှားခြင်းများသည် အသက်ရှင်သော ခရစ်တော်၏အသက်တာကို အတုယူရှင်သန်နေကြခြင်းဖြစ်သည်။

ခွင့်ပြုမိန့်ရခြင်း။ ။

ခရစ်တော်၏အသက်တာမှန်ကန်စွာပိုင်ဆိုင်သေ ယုံကြည်သူများအတွက် အပြင်ပန်းသဏ္ဍာန်လွှတ်လပ်မှုကို ဖျက်ဆီးရန် သွေးဆောင်ခြင်းရှိပါသည်။ သာ၍မွန်မြတ်သော စပျစ်ရည်ဟာတချို့သောသူများက စပျစ်ရည်ထည့်ထားသည့် ပုလင်းကဲ့သို့အရေးမယူကြပါ။ တချို့က ကိုယ်ကျေနပ်စေသောအရာများကို ကြိုက်သလို အသက်ရှင်ဘို့ရန် ဝိဉာဏ်တော်ဆီက ခွင့်ပြုမိန့်ရလို ခံစားကြသည်။ တမန်တော်များ၏ နည်းလမ်းဥပ္ပဒေသစည်းမျဉ်းများလိုက်လျှောက်ခြင်းသည်သာစွဲလမ်းသင့် ပါသည်။ လူတဦးတယောက်၏အသက်တာမှာ ခရစ်တော်ကို ဦးထိပ်ထားသောအခါ ခရစ်တော်၏ ခြေလှမ်းအတိုင်း လက်တွေ့အသက်ရှင်ပြခြင်းဖြစ်သည်။ သို့ဖြစ်၍ ခရစ်တော်ကိုယ်တိုင်က သန့်ရှင်းသောဝိဉာဏ်တော်၏အခွင့်အာဏာကို အသုံးပြုရန် အသစ်သောစပျစ်ရည်ကို အသစ်သောသားရေဘူး၌ ထည့်ရန်သွန်သင်ခဲ့သည်(မသဲ၊ ၉း၁၇)။ တမန်တော်များ၏အသင်းတော်ဖွဲ့စည်းပုံနည်းဥပ္ပဒေသများကို ကျွန်ုပ်တို့က ပို၍နားလည်နိုင်ကြမလား။ အထူးသဖြင့် အသင်းတော်လုပ်ရှားမှုနှင့်ပတ်သက်၍ ရှင်ပေါလုကြီး ဤသို့မိန့်မှာခဲ့သည်။ ငါသည်သင်တို့အားရေး၍ပေးလိုက်သော စကားတို့သည် သခင်ဘုရား၏ပညတ်တော်ဖြစ်ကြောင်းကို ပရောဖက်ဖြစ်သောသူ၊ ဝိဉာဏ်ဆုကျေးဇူးကိုခံရသောသူမည်သည်ကား ဝန်ခံပါစေ။ တစ်စုံတစ်ယောက်သော သူသည်မသိလျှင် မသိဘဲနေစေ(၁ကော၊ ၁၄း၃၇)။

ဥပဒေသနှင့်ညီညွတ်ခြင်း။ ။

ဓမ္မသစ်အသင်းတော်၏နည်းဥပ္ပဒေသပုံစံများအောက်ပါအတိုင်းညှိနိူင်းပြင်ဆင်လို့ရမလား။ ရပါတယ်။ ဥပုသ်နေ့သည် လူအဘို့ဖြစ်၏ လူသည်ဥပုသ်နေ့အဘို့ဖြစ်သည်မဟုတ်။ သို့ဖြစ်၍ လူ သားသည် ဥပုသ်နေ့ပင် အစိုးရသည်ဟု ခရစ်တော်ကိုယ်တိုင်မိန့်မှုခဲ့ပါသည်(မာကု၊ ၂း၂၇)။ သို့ဖြစ် ၍ လူသားများသည် အခြားအခြားသောအရာများထက်သာလျှင် မွန်မြတ်သော သူများဖြင့်ကြောင်း ဓမ္မသစ်အသင်းတော်၏သွန်သင်ခြင်းဖြစ်ပါသည်။ ဤအကြောင်း အရာများပြည့်စုံလာအောက် လန်န်မြို့သင်းအုပ်ဆရာ Beresford Job ဤသို့မိန့်ဆိုခဲ့သည်။ သာမန်လူသားတဦးကို သွေဖယ်မသွားအောင်သေချာစွာ စမ်းစစ်၍ အခြေအနေမကြည့် ဘဲနှင့်တန်ဘိုးကြီးသောအခွင့်အာဏာရှိသော လူသားဖြစ်လာရမည်။ ဥပမာအားဖြင့် ရေ၌နှစ်ခြင်းမင်္ဂလာအကြောင်းကြည့်ကြရအောင်။ ရေနှစ်ခြင်းမင်္ဂလာဟာနေရာတကာမှာ မိန့်တော်အတိုင်းမဖြစ်နိုင်ပါ။ ကနဦးအသင်းတော်၏နည်းစနစ်အားဖြင့်သိရှိနိုင်သည်(တမန်တော်နည်းဥပဒေသများမှ) ပြောင်းလဲပြီးသော သူများရေဖြန်းပေးခြင်းပေးကြသည်။ (ရေဖြန်းခြင်းဟာ"Baptizo" စကားလုံး၏အမှန်အဓိပ္ပာယ်သက်ရောက်သည်)။ ဓမ္မသစ်နည်းစနစ်သွန်သင်ချက်အခြေခံ၍ လူတဦး၏ရေနှစ်ခြင်းမင်္ဂလာခံရခြင်း၌ယုံကြည်ခြင်းကို သက်သေပြသည့်အ နေဖြင့် ရေထဲ၌နှစ်ခင်းဖြစ်ပါသည်။ သို့သော် ကိုယ်တော်သခင်အနေဖြင့် ဘယ်လိုမျိုးလက်ခံထားရမှန်းထည့်တက်သင့်ပါသည်။ ရေနှစ်ခြင်းမင်္ဂလာ၌ ရေဖျန်းသည့်အကြောင်းကို မေးခွန်းမေးစရာဖြစ်လာသည်။ တခြားသောနောက်ပေးခွန်းအနေနှင့် ပို၍နှစ်သက်စရာကောင်းလို့လား။ ရေနှစ်ခြင်းမင်္ဂလာအနေဖြင့် အငြင်းအခုန်ပြုလုပ်ခွင့်ပေးသင့်ပါသည်။ သမ္မာကျမ်းစာ၏သွန်သင်သည့် ဥပမာကိုလိုက်လျှောက်မည်ဆိုရင် ကိုယ်တိုင်ဆက်ကပ်မှုနှင့်ဝိဉာဏ်ပိုင်းကို ပို၍ဆိုလိုသည်။ အပေါ်မှာဆွေးနွေးသွားသည့်အတိုင်း ဖြစ်နိုင်ဖွယ်ရာများရေနှစ်ခြင်းနှင့်ပတ်သက်သော လူကိုယ်တိုင်လက်တွေ့ဘယ်လိုခံစားရသလဲ။ ကိုယ်တော်၏အလိုတော်နှက်ကိုယ်ညီသောခံယူချက်များခံယူတတ်ဘို့လိုအပ်ပါ သည်။

အသင်းတော်နိုးကြားမှုထောက်ခံသူ Darryl Erkel က ဤကဲ့သို့ မိန့်ဆိုခဲ့သည်။ ဓမ္မသစ်ပုံစံနည်းဗျူဟာများဟာ ဥပ္ပဒေသနှင့်ညီညွတ်ခြိုးခြားနားစွာ ခွဲခြားထားခြင်းကို အန္တရယ်ရှိကြောင်း၊ ကျွန်ုပ်တို့၏ထင်သည့်အတိုင်း နောက်လိုက်ယ်သားများကို ဦးဆောင်သည့်အခါ အထင်သေးခြင်းမရှိဘဲနှင့်ညီညွတ်စွာ ကိုင်တွယ်နိုင်ဘို့လိုအပ်သည်။ ကျွန်ုပ်တို့က သူတပါးအပေါ်မှာ ဖိစီးမှုနိူမ့်နင်းမှုမျိုးမဖြစ်အောင် အမြဲတန်းသတိပြုထားသင့်ပါသည်။ အသင်းတော်များမှားယွင်းသည်ဖြစ်စေ ဘုရားရှင်က အသင်းတော်များထိရောက်စွာအသုံးမပြုနိုင်ရင်ဖြစ်စေကျွန်ုပ်များကဲ့သို့ တမန်တော်များ၏နည်းဥပ္ပဒေသများအသုံးမချတတ်သောကြောင့်ဖြစ်ပါသည်။ ဤအကြောင်းရင်းသည် အခြားအရာမ ဟုတ်ဘဲမာနထောင်လွှားခြင်းသက်သက်သာဖြစ်သည်၊ မည်သို့ပင်ဖြစ်စေကာမူ အခွင့်အလမ်းများ ကြည့်တတ်ပြီးရှိသေလေးစားထိုက်စွာပို၍ကောင်းမွန်သောနည်းလမ်းများအားဖြင့် သွန်သင်ပေးသင့် ပါသည်။ ဘုရား၏လူများအတွက် ဝိဉာဏ်ပိုင်းရင့်ကျက်လာအောက်ဦးဆောင်သင့်ပါသည်။ ဓမ္မသစ်အသင်းတော်၏ပုံစံနှင့် နည်းဥပ္ပဒေသများသည် အကောင်းဆုံးသော နည်းလမ်းများဖြစ်သည်။

သမ္မာကျမ်းစာက အချို့သောအရာများရပ်ဆိုင်းထားတယ်ဆိုလို့ရှိရင်ကျင့်စောင့်လိုက်လျှောက် ဘို့နည်းဥပ္ပဒေသများနှင့်အမိန့်တော်ဘာသည်ရှိသလဲ။ ကျွန်ုပ်တို့ဘာအရာမဆို လုပ်ဆောင်သည့်အ ခါမှာလွှတ်လပ်မှုရှိလာမည်ဖြစ်သည်။ (သန့်ရှင်းသောဝိဉာဏ်တော်၏ဦးဆောင်ပံ့ပိုးမှုအားဖြင့်)။ မှားယွင်းစွာသမ္မာကျမ်းစာအနက်ဖွင့်ခြင်းကို ကျွန်ုပ်တို့က မထောက်ခံသင့်ပါ။ မှားယွင်းသောနည်းစနစ်များသမ္မာကျမ်းစာမှာ မရှိပါ မှားယွင်းစွာလည်း ကျွန်ုပ်တို့မကျင့်သုံးနိုင်ပါ။ ကနဦးအသင်းတော်များပုံစံနည်းစနစ်များကဲ့သို့ ကျင့်သုံးပြီး သမ္မာကျမ်းစာကိုလည်းမှန်ကန်စွာအနက်ဖွင့်၍ လိုက်လျှောက်ရန်လိုအပ်ပါသည်။ ရပ်ဆိုင်းထားသောအမှုကိစ္စများဖြစ်သည်။

ရောမအင်ပါယာကြီးကို အစဉ်ထာဝရအတွက် ပျောက်လွင့်သွားသည်။ တမန်တော်များ၏နည်းဥပ္ပဒေသများကိုင်တွယ်ခြင်းနှင့် ဆင်ခြင်မှုမရှိသော အရာရာမှာအတုခိုးခြင်းအသက်တာဟာအလွန်ကွာခြာလပါသည်။ အဓိက အကြောင်းရင်းမှာတော့ ဓမ္မသစ်အသင်းတော်၏နည်းဗျူဟာများ ကိုဦးစားပေးမှုသာလျှင်ဖြစ်ပါသည်။ ကျွန်ုပ်တို့အသင်းတော်၏ပုံစံနည်းစနစ်အတိုင်း မလုပ်ဆောင် မိဘို့သတိထားအပ်ပါသည်။ သို့ဖြစ်ပါသောကြောင့် ယုံကြည်သူများ၏ဆက်သွယ်အသက်ရှင်ရ မည့်ပုံစံနည်းဗျူဟာများသည် တမန်တော်အခန်းကြီး ၄ မှာ တွေ့သလိုအသင်းတော်၏ကျင့်သုံးရ

အစောပိုင်းက Fee နှင့် Staut တို့၏ မိန့်ဆိုချက်များမှတ်မိသေးသလား။ မိမိထင်မြင်ယူဆ ချက်သည် သူတပါး၏ အကြံအဉာဏ်များကို အတုယူခြင်းပင်မဟုတ်ပါသလား။ သူတို့၏ တိယအကြိမ်ပုံနှိပ်သည့်စာအုပ်မှာ သူတို့၏ ခံယူချက်တချို့ပြောင်းလဲပေးခဲ့သသည်။ ဖတ်သည့်အခါမှာ "သမ္မာကျမ်းစာက အတိအကျမဖော်ပြထားဘူးဆိုရင် ဘာကိုအတုယူရ၍ ဘယ်လိုမျိုးပုံစံကျင့်သုံးရမည်နည်း။ သို့တည်းမဟုတ် ဤအချက်ကို စာရေးဆရာ၏လမ်းညွှန်ချက်အတိုင်း လိုက်လျှောက် သင့်သည်။

ဘာဖြစ်လို့ကြီးမားသော အသင်းတော်ခေါင်းဆောင်သည်ကနဦးအသင်းတော်၏ နည်းစနစ်များဆက်လက်မကျင့်စောင့်ကြသလဲ။ ဤအကြောင်းသည် သူတို့က ကျမ်းစာကိုဖတ်ကြသော်လည်း ညင်းပယ်သဖြင့် ဤခံယူချက်များလက်မခံခြင်းမဟုတ်ပါလား။ ကျွန်ုပ်၏တွေးအကြံများသည်တမန်တော်များ၏ နည်းစနစ်များကျင့်သုံးရန် သွန်သင်ထားခြင်းဖြစ်သည်၊ သင်းအုပ်ဆရာများသည် သမိုင်းတလျှောက်နည်းဥပဒေသများရှိဏ်းဂနအသီးသီးတွင် အသုံးချရန် လိုအပ်ပါသည်။ ရှေးလူဟောင်း တို့မှ ဆက်ခံသောနည်းဥပဒေသများကို မကျင့်သုံးခြင်းမှာ အန္တရယ်ရှိသည်(မသာ်၊ ၁၅း၁-၃)။

နောက်စာပိုဒ်မှာ (ဖိလိ၊၄၊၈-၉)မှာ ဖိလိပ္ပိအသင်းတော်များဆီမှာ ဘုရားသခင်၏ငြိမ်သက်ခြင်းသည်ဘယ်လိုနည်းနှင့်ရယူနိုင်မည့်အကြောင်းဖော်ပြထားပါသည်။ ယနေ့ကျွန်တော်တို့၏အသင်းတော်များမှာလည်း မှန်ကန်လိုအပ်သောအကြောင်းရင်းများဖြစ်ပေသည်။ ညီအစ်ကိုတို့သမ္မာတရားနှင့်ဆိုင်သောအကျင့်၊ လျောက်ပတ်သောအကျင့်၊ ဖြောင့်မတ်သောအကျင့်၊ စင်ကြယ်သောအကျင့်၊ သူတပါးနှစ်သက်ဘွယ်သောအကျင့်၊ ချီးမွမ်းဘွယ်သောအကျင့်သမျှတို့ကိုငင်း၊ ပါရမီတပါးပါးကောင်းသောတသိတင်းတပါးပါးနှင့်ဆိုင်သောအကျင့်ရှိတို့ကိုငင်း၊ နှလုံးသွင်းကြလော့။ သင်တို့သည် အထက်ကသင်ယူ၍ငါ၌ကြားမြင်ခဲ့ပြီးသမျှတို့ကို ကျင့်ကြလော့။ ထိုသို့ကျင့်လျှင်ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင်သည် သင်တို့နှင့်အတူရှိတော်မူလိမ့်မည်။

ဖိလိပ္ပိယုံကြည်သူများကို သူတို့သင်ယူခဲ့သမျှအတိုင်း၊ ကြားခဲ့သမျှအတိုင်း၊ လက်ခံရရှိခဲ့သမျှအတိုင်းလက်တွေ့ကျင့်သုံးအသက်ရှင်ပြရန်သွန်ထားခြင်းဖြစ်ပါသည်။ ခရစ်တော်၏နှိမ့်ချသောအသက်တာ၊ သူတပါးကို ဦးစားပေးသောအသက်တာ၊ ဘုရားသခင်၌ဝမ်းမြောက်ခြင်းအသက်တာများကို အတုယူလက်တွေ့ကျင့်သုံးရန်ဤကျမ်းပိုဒ်၏အခြေခံသွန်သင်ချက်ဖြစ်ပါသည်။ ဓမ္မသစ်ခေတ်အသင်းတော်ဖွဲ့စည်းတည်ဆောက်ခြင်းလုပ်ငန်းမှာ ရှင်ပေါလု၏ကျင့်သုံးသောသူနည်းစနစ်များပင်ဖြစ်ပါသည်။တမန်တော်များသည် ကနဦးအသင်းတော်ဦးဆောင်ခဲ့ပုံမှာ သမ္မာကျမ်းစာမှာ ရှင်းလင်းစွာဖော်ပြထားပါသည်။ တမန်တော်များ၏ဓလေ့ထုံးစံများလမ်းလွဲသွားခြင်းသည်တချို့သောသူများ၏ဘုရားသခင်ဆီကနေလာသောကောင်း၏ကြီးမင်္ဂလာများနှင့်လမ်းသွားခြင်းဖြစ်လာတတ်သည်။ အသင်းတော်မှာတမန်တော်များ၏ကျင့်စဉ်အသက်တာများအတိုင်း ကျင့်စောင့်သောအဖွဲ့အစည်းအတိုင်းသည် ဘုရားသခင်၏ငြိမ်သက်ခြင်းပို၍ခံစားရမည်ဖြစ်ပါသည်။

**တမန်တော်များ၏ စွဲကိုင်သောရိုးရာဓလေ့ထုံးစံများသည် အမိန့်ပေးခြင်းဖြစ်သည်**

သက်သာလောနိတ်အသင်းတော်ကိုရှင်ပေါလုသည် အမိန့်ပေးသွန်သင်ခဲ့ပါသည်။ (၂သက်၊၂း၁၅)မှာ ညီအစ်ကိုတို့ငါတို့နှုတ်ထွက်စကားအားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ၊ သင်တို့သည် သင်ခဲ့ပြီးသော နည်းဥပဒေသများကို တည်ကြည်လျှက်ကိုင်ယူစွဲလမ်းကြလော့။ သက်သာလောနိတ်ယုံကြည်သူများကို ၂နှုတ်ထွက်စကားအားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ၊ တမန်တော်များ၏ဓလေ့ထုံးစံများ၊ သင်ခဲ့ပြီးသော နည်းဥပဒေသများကိုတည်ကြည်လျှက်ကိုင်ယူစွဲလမ်းရန်ရှင်ပေါလုအမိန့်ပေးခဲ့ပါသည်။ ယနေ့မှာတမန်တော်ဆယ်နှစ်ပါးတို့သည်လူပုဂ္ဂိုလ်အားဖြင့်မရှိတော့သော်လည်း နှုတ်ထွက်စကားအားဖြင့်မည်သို့ပြုလုပ်ရမည်ကို အမိန့်ပေးသွန်သင်ခဲ့ပါသည်။ ဓလေ့ထုံးစံများကိုရှင်းလင်းစွာစာအားဖြင့်မှတ်တမ်းတင်ထားပါသည်။

မည့် အကြောင်းရင်းများဖြစ်ပါသည်။ ဤအကြောင်းအရာများသည် အချိန်တိုင်းမှာ ယုံကြည်သူများ၏ဆုံးဖြတ်သင့်သည့် သမ္မာကျမ်းစာသွန်သင်ခဲ့သည့် အမိန့်ပေးချက်များဖြစ်ပါသည်။

**နိဂုံးချုပ်မှတ်ချက်များ (Concluding Comments)**

ဘုရားသခင်သည် သမ္မာကျမ်းစာမည်းဥပဒေသများနှင့်သမ္မာကျမ်းစာနည်းကျသော သွန်သင်ချက်များတိုက်ရိုက်ဖော်ပြထားသည်။

ဓမ္မသစ်အသင်းတော်၏ ပုံစံနည်းဗျူဟာများခေတ်ကာလအဆက်ဆက်အသင်းတော်များကျင့်စောင့်ဖို့ရန်ဖြစ်ပါသည်။

တမန်တော်နည်းဥပဒေသများ(သမ္မာကျမ်းစာထဲမှာဘဲ တွေ့ရသည်) ပြည့်စုံစွာတည်မြဲဘို့ရန် တမန်တော်များ၏သွန်သင်ခြင်းဖြစ်သည်။

ဓမ္မသစ်အသင်းတော်နည်းဥပဒေသများထဲတွင် အရေးကြီးဆုံးသောအချက်မှာ ပွဲတော်မင်္ဂလာကျင်းပခြင်းဟာ အပတ်တိုင်းမိဿဟာယအစားအစာအဖြစ်(၁ကော၊ ၁၁)၊ အသင်းတော်မှာ ပုံမှန်အစည်းအဝေးပြုလုပ်ခြင်း(၁ကော၊ ၁၄)၊လူများစုသဘောတူညီချက်ရသောအသင်းတော်ဖွဲ့စည်းခြင်း (လုကာ၊ ၂၂း၂၄)၊ အိမ်ခန်းများမှာ အသင်းတော်ဖွဲ့စည်းခြင်း(ရော၊ ၁၆း၅)။

ဓမ္မသစ်အသင်းတော်၏နည်းဥပဒေသများလိုက်လျှောက်ခြင်းဟာ ရောမအင်ပါယာကြီး၏ယဉ်းကျေးမှုကို ပြန်လည်ထူထောင်ရေးမဟုတ်ပါ။ ဤအကြောင်းရင်း၏ထုတ်ပြန်ဖြန့်ဝေခြင်းဟာ အသင်းတော်၏လက်တွေ့ကျင့်သုံးရမည့်အရာများဖြစ်သည်။ သိသာထင်ရှားသောအကြောင်းအရင်း များမှာ အသင်းတော်၏ကျင့်စဉ်များလိုက်လျှောက်ဘို့ဖြစ်သည်။

ဓမ္မသစ်အသင်းတော်၏နည်းဥပဒေသများလိုက်လျှောက်ခြင်းဟာ အသင်းတော်အားလုံးတတွေမသိမ်းတူညီဘို့ဟူ၍မဟုတ်ပါ။ အခါကခံယူချက်များကိုသာတူညီ၍ သို့သော်လည်း နယ်နမိတ်ကန့်သတ်ခြင်းများမှာ လွတ်လပ်စွာ ဖွဲ့စည်းရသည်။

သမ္မာကျမ်းစာနှင့်ကိုက်ညီသော အိမ်အသင်းတော်များသ် အဆောက်အဦးများနှင့်အစီအစဉ်များအပေါ်မှာ သမားရိုးကျအသင်းတော်များကဲ့သို့ တည်ဆောက်ခြင်းမဟုတ်ပါ။ ဤအကြောင်းကို အခြေပြု၍တချို့သောသူများသည်မှားယွင်းစွာ အိမ်အသင်းတော်များသည် စည်းလုံးညီညွတ်မှုမရှိကြပါလို့ဝေဖန်ခဲ့ကြသည်။ ခရစ်တော်နှင့်သူ၏နှုတ်ကပတ်တော်အပေါ်မှာ သစ္စာရှိမှုကြောင့် ဘုရားသခင်၏ပြည့်စုံသော နည်းဗျူဟာများအသင်းတော်မှာ ကျင့်သုံးဘို့ဖြစ်ပါသည်။ အိမ်အသင်းတော်များသည် စာသင်ကျောင်းလိုမျိုးမဟုတ်သို့သော်စည်းလုံးညီညွတ်မှုရှိသည်။ တမန်တော်များ၏နည်းဥပဒေသများလိုက်လျှောက်ခြင်းသည် အိမ်အသင်းတော်မှာ သီးသန့်ခေါင်းဆောင်ထားရှိ၍ ပုံမှန်အစည်းအဝေးပြုလုပ်ခြင်း၊ သမ္မာကျမ်းစာနားလည်ခြင်း၊ ထိရောက်သောအသင်းတော်၏စည်းမျဉ်းစည်းကမ်းများထားရှိခြင်းနှင့်အပတ်တိုင်းပွဲ မင်္ဂလာကျင်းပပြုလုပ်ခြင်းများဖြစ်ပါသည်။

ခရစ်တော်မပါဘဲနှင့် အရာဝတ္ထုများအအော်ါမှာ ရပ်တည်ခြင်းဟာ ဥပဒေသနှင့် ကိုက်ညီ၍ အသက်မရှိခြင်း၊ အသက်မပါသော ပြင်ပန်းသဏ္ဍာန်အသက်ရှင်ခြင်းသာဖြစ်သည်(ယော၊ ၁၅း၅)။ စပျစ်ရည်ထားသည့်သားရေဘူးသစ်ရှိဘို့လိုအပ်၍ ပိုပြီးအရေးကြီးသောအချက်က စပျစ်ရည်ရှိဘို့လိုအပ်ပါသည်။ နှစ်မျိုးစလုံးသူ့နေရာနှင့်သူရှိသည်။ နှစ်မျိုးစလုံးသားရေဘူးအသစ်နှင့်စပျစ်ရည်မထည့်ထားဘူးဆိုရင် ပြဿနာကြီးလာမှာ ဖြစ်(လု၊ ၅း၃၆-၃၈)။

၂သက်အခန်းကြီး၂အားလုံးသည် နောက်ဆုံးသောကာလမှာဖြစ်ပျက်လာမည့်အရာကိုသွန်သင်၍ အသင်းတော်၏ဥပဒေသများရှင်းလင်းစွာဖော်ပြထားခြင်းမရှိပါ။ “ရိုးရာဓလေ့ထုံးစံများဆိုသည့်စကားလုံး (၂သက်၊၂း၁၅) မှာအများကိန်းကိုအသုံးပြုပြီးခရစ်တော်ဒုတိယအကြိမ်ကြွလာမည့်အချိန်မှာရှိသင့်သည့်ဓလေ့ထုံးစံများကိုဖော်ပြပါသည်။ ဓမ္မသစ်အသင်းတော်၏ပုံစံ၊ နည်းဥပဒေများကိုအသင်းတော်နှင့်စပ်လျဉ်း၍အသက်တာမှာလက်တွေ့ကျင့်သုံးနိုင်မည်ဖြစ်သည်။

စိတ်ဝင်စားဘွယ်ကောင်းသောအရာတခုမှာ ဓလေ့ထုံးစံဆိုသည့်စကားလုံးအစား“သင်ကြားခြင်း”ဆိုသည့် စကားလုံးကိုအသုံးပြုခဲ့ပါသည်။ ဤအကြောင်းသည်နှုတ်ထွက်စကားများဖြစ်သောတမန်တော်များ၏ရိုးရာဓလေ့ထုံးစံများသည်နောက်ဆုံးသောကာလမှာဖြစ်ပျက်မည့်အရာများအကြောင်း (၂သက်၊၂း၁–၁၂)မှာ ဖော်ပြထားပါသည်။ သို့ပေမည့်